SECM

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ညွှန်ကြားချက်အမှတ် ( ၃ /၂၀၂၀)

၁၃၈၂ ခု ၊ တန်ဆောင်မုန်းလဆုတ် ( ၄ ) ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်)

## စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ ဦး နှင့်အထက်ရှိသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ လိုက်နာရန် အတွက် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းဆိုင်ရာ ညွှန်ကြားချက်

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၇၁ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် စာရင်းဝင်ကုမ္ပဏီများ နှင့် အစု ရှယ်ယာရှင် ၁၀၀ ဦးနှင့် အထက်ရှိသော အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများလိုက်နာရန်အတွက် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဤ ညွှန်ကြားချက်သည် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဤညွှန်ကြားချက်တွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၃၂) ၊ (၃၃) နှင့် မြန်မာနိုင်ငံ နှင့် နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှုစံနှုန်းများမှ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ အောက်ပါတို့ကို ဆိုသည် -

(၁) ကုမ္ပဏီ နှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊

(၂) ကုမ္ပဏီ နှင့် ၎င်း၏ မိခင်ကုမ္ပဏီ တို့၏ အမှုဆောင် အရာရှိများ၊

(၃) ကုမ္ပဏီ နှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများ၏ ရှယ်ယာအများအပြား ပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များ၊

(၄) ဖက်စပ်လုပ်ငန်းများ ဆောင်ရွက်ရာမှ ဖြစ်ပေါ်လာသည့် ဆက်နွယ်သော အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများ၊

(၅) အပိုဒ်ခွဲငယ် (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦး၏ မိသားစုဝင်များ၊

(၆) အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၅) တို့တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များက တစ်ဦးချင်း သို့မဟုတ် ပူးတွဲ၍ဖြစ်စေ နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ အနည်းဆုံး ၂၀% မဲပေးပိုင်ခွင့်ရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခုခု နှင့် စီးပွားရေးလုပ်ငန်းတစ်ခုခု၏ ဒါရိုက်တာများ၊ အမှုဆောင် အရာရှိများ၊

(၇) ကုမ္ပဏီတွင် ယခင် သို့မဟုတ် ယခု အကျိုးစီးပွားဆက်စပ်မှု သို့မဟုတ် ဆက်ဆံရေးအရ ဆက်နွယ်သည့်ပုဂ္ဂိုလ်အဖြစ် ကော်မရှင်က သတ်မှတ်သည့် ပုဂ္ဂိုလ်များ။

(ခ) ကုမ္ပဏီတစ်ခု၏ **"ရှယ်ယာ အများအပြား ပိုင်ဆိုင်သည့် အစုရှယ်ယာရှင်"** ဆိုသည်မှာ ပူးတွဲ၍ ဖြစ်စေ သို့မဟုတ် တစ်ဦးချင်းဖြစ်စေ ကုမ္ပဏီ၏ ၂၀ % သို့မဟုတ် ယင်းထက်ပိုသော မဲပေးပိုင်ခွင့်ကို ပိုင်ဆိုင်ထားသည့် တရားဝင်အဖွဲ့ အစည်း သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦး ကို ဆိုသည်။

(ဂ) **ဆက်စပ်သည့် အဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) ကုမ္ပဏီ၏ မိခင် ကုမ္ပဏီ၊

(၂) မိခင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများ၊

(၃) ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီများ နှင့် ဆက်နွယ်နေသည့် ကုမ္ပဏီများ။

(ဃ) **လက်အောက်ခံ ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၄၁) အရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီကို ဆိုသည်။

(င) **ဆက်နွယ်နေသည့် ကုမ္ပဏီ** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၃၃) အရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီကို ဆိုသည်။

(စ) **အမှုဆောင်အရာရှိ** ဆိုသည်မှာ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (သို့မဟုတ် ၎င်း၏ လက်ထောက်)၊ ဘဏ္ဍာရေးအရာရှိချုပ်၊ လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ် နှင့် ဒါရိုက်တာအဖွဲ့ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အား တိုက်ရိုက် အစီရင်ခံသူများ အပါအဝင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁၇) တွင် ဖော်ပြထားသည့် အရာရှိကို ဆိုသည်။

(ဆ) **ပုဂ္ဂိုလ်တစ်ဦး၏ မိသားစုဝင်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊

(၂) ထိုသူ၏ ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊

(၃) ထိုသူနှင့် ထိုသူ၏ ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့် ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကို မှီခိုသူများ နှင့်

(၄) တရားဝင်မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများ ။

(ဇ) **ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း (များ)** ဆိုသည်မှာ သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား အဖိုးစားနား ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပိုင်ဆိုင်မှု အရင်းအမြစ်များ၊ ချေးငွေများ၊ ဝန်ဆောင်မှုများ နှင့် တာဝန်ဝတ္တရားများ လွှဲပြောင်း ပေးခြင်းကို ဆိုသည်။

(ဈ) **ပမာဏများပြားမှု သတ်မှတ်ချက်** ဆိုသည်မှာ ကုမ္ပဏီအား သိသာထင်ရှားသည့် ဆုံးရှုံးနိုင်ခြေ ဖြစ်ပေါ်စေနိုင်ပြီး ဒါရိုက်တာအဖွဲ့၊ အမှုဆောင်အရာရှိများနှင့် အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်ကို ဩဇာလွှမ်းမိုးနိုင်သည့် ရောင်းဝယ်မှုလွှဲပြောင်းမှု ပမာဏ အတိုင်းအတာကို ဆိုသည်။

(ည) **ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း(များ)** ဆိုသည်မှာ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား တစ်ကြိမ်တည်းဖြစ်စေ၊ ၁၂ လတာ ကာလအတွင်း ဖြစ်စေ၊ ကုမ္ပဏီ၏ နောက်ဆုံး စာရင်းစစ်ဆေးထားသော ဘဏ္ဍာရေးရှင်းတမ်းအရ ပိုင်ဆိုင်မှုတန်ဖိုး စုစုပေါင်း၏ ငါးရာခိုင်နှုန်း(၅%) သို့မဟုတ် ကျပ်သန်းတစ်ရာ ထိုနှစ်ရပ်အနက် ပို၍ များသောပမာဏအား ရောင်းဝယ်လွှဲပြောင်းခြင်း(များ) ကို ဆိုသည်။

၄။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း သည် ပမာဏများပြားမှု သတ်မှတ်ချက်နှင့် အထက်ဖြစ်ပါက ဤညွှန်ကြားချက်အရ ဆက်နွယ် သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း အဖြစ် မှတ်ယူရမည်။

၅။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော မည်သည့် ရောင်းဝယ်လွှဲပြောင်းခြင်းများကိုမဆို ဒါရိုက်တာအဖွဲ့မှ အတည်ပြုရမည်။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် ရောင်းဝယ်လွှဲပြောင်းမှု ပြုလုပ်ရာတွင် မိမိ၏အကျိုးစီးပွား ပါဝင်ပါက ရောင်းဝယ်လွှဲပြောင်းခြင်းအား ခွင့်ပြု၊ မပြု ဆွေးနွေးမှုများ၊ ရောင်းဝယ်လွှဲပြောင်းခြင်း နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်မှုများ နှင့် ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် မည်သို့ စီမံခန့်ခွဲမည် ဖြစ်ကြောင်း ဆွေးနွေးမှုများတွင် မပါဝင်ရ။

၆။ ဒါရိုက်တာအဖွဲ့သည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် အခြားအကျိုး သက်ဆိုင်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့် သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းများ နှင့် ကိုက်ညီစေရန် ချင့်ချိန်စဉ်းစား၍ သင့်တင့်မျှတစွာ ဆောင်ရွက်ရန် တာဝန်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် -

(က) ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းများကို ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက် ရမည်။ ၁၂ လတာ ကာလအတွင်း အဆင့်ဆင့် စုစုပေါင်း ရောင်းဝယ်လွှဲပြောင်းမှု ပမာဏသည် ပမာဏများပြားမှု သတ်မှတ်ချက်နှင့် အထက်ဖြစ်ပါက ဒါရိုက်တာ အဖွဲ့သည် ယင်း ရောင်းဝယ်လွှဲပြောင်းမှုများ အတွက် အတည်ပြုရမည်။

(ခ) ဒါရိုက်တာ အဖွဲ့သည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်းကို ဒါရိုက်တာအဖွဲ့နှင့် အခွင့်အာဏာ အပ်နှင်းထားသည့် အမှုဆောင်အရာရှိများထံ သတ်မှတ်ဖော်ထုတ် အစီရင်ခံနိုင်စေရေးအတွက် စီမံခန့်ခွဲရေးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လုံလောက်စွာ လေ့ကျင့်သင်ကြားပေးရမည်။

(ဂ) ဒါရိုက်တာ အဖွဲ့သည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းများတွင် ဤညွှန်ကြားချက်ပါ အပိုဒ် ၃၊ အပိုဒ်ခွဲငယ် (ည) အရ ကော်မရှင်မှပြဋ္ဌာန်းထားသော သတ်မှတ်ချက်အောက် လျော့နည်းသည့် ရောင်းဝယ် လွှဲပြောင်းခြင်းများအား စိစစ်သုံးသပ်ရန်အတွက် ရှင်းလင်း၍ ပွင့်လင်းမြင်သာမှု ရှိသော အခွင့်အာဏာပြုထားသည့် မူဘောင်တစ်ခု ချမှတ်ရမည်။

(ဃ) ဒါရိုက်တာအဖွဲ့သည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းကို သတ်မှတ် ဖော်ထုတ်ခြင်းနှင့် ဖွင့်ဟထုတ်ဖော်ခြင်း တို့အတွက် လိုအပ်ပါက အရာရှိတစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်။

၇။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအတွက် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းများဆိုင်ရာ မူဝါဒတစ်ရပ် ချမှတ်ရမည်။ ယင်းမူဝါဒတွင် အောက်ပါ အချက်များ ပါဝင်ရမည်-

(က) **ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို ခွဲခြားသတ်မှတ်ခြင်း။** ဆက်နွယ်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ခြင်း။

(ခ) **ပမာဏများပြားမှု သတ်မှတ်ချက်။** ဤညွှန်ကြားချက်ပါ အပိုဒ် ၃၊ အပိုဒ်ခွဲ ငယ်(ည) ပါ သတ်မှတ်ချက်ထက် မကျော်လွန်စေဘဲ သတ်မှတ်ခြင်း။

(ဂ) **ပမာဏများပြားမှု သတ်မှတ်ချက်အောက်ရှိ ရောင်းဝယ်လွှဲပြောင်းမှုများအား အတည်ပြုခြင်း။** ကုမ္ပဏီသည် ပမာဏများပြားမှု သတ်မှတ်ချက်အောက်ရှိ ရောင်းဝယ်လွှဲပြောင်း ခြင်း များ နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း။

(ဃ) **အကျိုးစီးပွား ဆန့်ကျင်ဗီလာမှုဖြစ်မှုများကို ဖော်ထုတ်သတ်မှတ်ခြင်း။** ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ် လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ အကျိုးစီးပွား ဆန့်ကျင်ဗီလာဖြစ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ စီမံခန့်ခွဲခြင်း တို့အပြင် ဒါရိုက်တာများ၊ အရာရှိများ နှင့် ရှယ်ယာအများစုပိုင်ဆိုင်သော အစုရှယ်ယာရှင်များကို မိမိတို့ ပုဂ္ဂလိကအကျိုးစီးပွား ပါဝင်သော ရောင်းဝယ်လွှဲပြောင်းခြင်း သို့မဟုတ် ကုမ္ပဏီအပေါ် အကျိုးသက်ရောက်မှုရှိသည့် ကိစ္စရပ်များအား ဆွေးနွေးခြင်း၊ ခွင့်ပြုခြင်းနှင့် စီမံခန့်ခွဲခြင်း တို့မှ ရှောင်ကြဉ်စေခြင်း။

(င) **ဖွင့်ဟထုတ်ဖော်ခြင်းဆိုင်ရာ လိုအပ်ချက်။** ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများနှင့် ရှယ်ယာအများစုပိုင်ဆိုင်သော အစုရှယ်ယာရှင်များကို ပမာဏများပြားသော ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း နှင့် ပတ်သက်သည့် အရေးပါသော အချက်အလက်များအားလုံးနှင့် ကုမ္ပဏီအပေါ် အကျိုးသက်ရောက်စေနိုင်သည့် သို့မဟုတ် အကျိုးသက်ရောက်နေသည့် ၎င်းတို့နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာ အကျိုးစီးပွားအပါအဝင် အကျိုးစီးပွားဖြစ်စေသည့် ရောင်းဝယ်လွှဲပြောင်းမှုအားလုံးအား ဒါရိုက်တာအဖွဲ့ထံ အတိအလင်း ဖွင့်ဟထုတ်ဖော်စေခြင်း။

၈။ ကုမ္ပဏီသည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း မှတ်တမ်း ကို ဤညွှန်ကြားချက်၏ နောက်ဆက်တွဲ (၁)တွင် ဖော်ပြထားသည့် ပုံစံဖြင့် ထိန်းသိမ်းထားရှိရမည်။

၉။ ကုမ္ပဏီသည် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏ များပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းဆိုင်ရာ မူဝါဒကို ထုတ်ပြန်ကြေညာ၍ ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြရမည်။

၁၀။ ကုမ္ပဏီသည် နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းနှင့် ပတ်သက်၍ ရောင်းဝယ်လွှဲပြောင်းမှု ပြီးဆုံးပြီးနောက် ရုံးဖွင့်ရက် (၅) ရက်အတွင်း ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ အကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်း

ဆိုင်ရာ ဖွင့်ဟထုတ်ဖော်မှု အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။ ထို့အပြင် စာရင်းဝင်ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းဆိုင်ရာ ဖွင့်ဟထုတ်ဖော်မှု အစီရင်ခံစာကို ရောင်းဝယ်လွှဲပြောင်းမှု ပြီးဆုံးပြီးနောက် (၃) ရက်အတွင်း အများပြည်သူသို့ ဖွင့်ဟထုတ်ဖော်ရမည်။

၁၁။ ကုမ္ပဏီသည် ၎င်းတို့၏ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းများကို နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်း၍ မိမိတို့၏ အစုရှယ်ယာရှင်များအား တင်ပြရမည်။ နှစ်ပတ်လည် အစီရင်ခံစာတွင် အောက်ပါတို့ ပါဝင်ရမည် -

(က) ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အမည်အပြည့်အစုံ၊

(ခ) ကုမ္ပဏီနှင့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့အကြား ပတ်သက်မှု၊

(ဂ) ရောင်းဝယ်လွှဲပြောင်းသည့် ရက်စွဲ၊

(ဃ) ပါဝင်ပတ်သက်သည့် ပိုင်ဆိုင်မှုများ ဖော်ပြချက်အပါအဝင် ရောင်းဝယ်လွှဲပြောင်းမှု၏ အမျိုးအစား နှင့် သဘောသဘာဝ၊

(င) ပမာဏ သို့မဟုတ် စာချုပ်ဈေးနှုန်း၊

(စ) ရောင်းဝယ်လွှဲပြောင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊

(ဆ) ရောင်းဝယ်လွှဲပြောင်းရခြင်း အကြောင်းရင်း ရှင်းလင်းချက်၊ နှင့်

(ဇ) လိုအပ်သော ခွင့်ပြုချက်များ (ဆိုလိုသည်မှာ ခွင့်ပြု/ ကြားနေ/ ကန့်ကွက်သည့် ဒါရိုက်တာအဖွဲ့ဝင် အမည်များ)။

၁၂။ ကော်မရှင်သည် ဤညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်သော ကုမ္ပဏီအား အောက်ပါနည်းလမ်းများဖြင့် အရေးယူနိုင်သည်-

(က) ခေါ်ယူသတိပေးခြင်း၊

(ခ) ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များကို ချိုးဖောက်ခြင်း သို့မဟုတ် ခေါ်ယူသတိပေးခံရခြင်း တို့ကို အများပြည်သူထံ ဖွင့်ဟထုတ်ဖော်ခြင်း၊

(ဂ) သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆက်လက် အရေးယူခြင်း။

၁၃။ ဤညွှန်ကြားချက်အရ ဆောင်ရွက်ရာတွင် ကုမ္ပဏီများသည် မြန်မာနိုင်ငံ စာရင်းကိုင်စံနှုန်းများကို လိုက်နာကျင့်သုံးခြင်းမှ ကင်းလွတ်ခွင့်ရှိသည်ဟု အဓိပ္ပာယ် ကောက်ယူခြင်းမပြုရ။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

စာအမှတ်၊ ကော်မရှင် / မူဝါဒ / ၅၈၂၆ /၂၀၂၀

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်

ဖြန့်ဝေခြင်း

ရန်ကုန်စတော့အိပ်ချိန်း
စာရင်းဝင်ကုမ္ပဏီများ
အစုရှယ်ယာရှင် ၁၀၀ ဦးနှင့်အထက်ရှိသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၊

မိတ္တူကို

စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးအကြံပေးကော်မတီ အဖွဲ့ဝင်များ
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UMFCCI)
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)
ရုံးလက်ခံ/မျှောစာတွဲ

နောက်ဆက်တွဲ (၁)

## ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသောရောင်းဝယ်လွှဲပြောင်းခြင်းမှတ်တမ်း

| အမည် [၁] | ပတ်သက်ပုံ ဆက်နွယ်မှုနှင့် အကျဉ်းဖော်ပြချက် [၂] | ရောင်းဝယ် လွှဲပြောင်းခြင်း အကျဉ်း ဖော်ပြချက် [၃] | အကြိမ်ကြိမ် ပြုလုပ် သော ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ်အဖွဲ့အစည်းများ အကြား ပမာဏများပြားသော ရောင်းဝယ် လွှဲပြောင်းခြင်း [၄] | ထုတ်ဖော် ကြေညာသည့် နေ့စွဲ [၅] | ဆုံးဖြတ်ချက် [၆] |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

[၁] ပုဂ္ဂိုလ်ဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ ဆက်နွယ်သူ၏ အမည်မှန်။

[၂] (၁) အမည်ဖော်ပြထားသည့် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက သက်ဆိုင်ရာ ပတ်သက်မှုရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း၏ အမည်၊ (၂) အကျိုးစီးပွားရှိသည့်၊ ရာထူး သို့မဟုတ် အကျိုးစီးပွားရှိသည့် သက်ဆိုင်ရာ ကုမ္ပဏီများ/အဖွဲ့အစည်းများအပါအဝင် ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆက်နွယ်ပုံအကြောင်း အကျဉ်းဖော်ပြချက် စသည်တို့ ပါဝင်ရမည်။

[၃] စုစုပေါင်း ပမာဏ၊ ဈေးနှုန်း/အတိုးနှုန်း၊ အာမခံပစ္စည်းစသည်တို့အပါအဝင် ကုမ္ပဏီက အမှန်တကယ် ဆောင်ရွက်သော သို့မဟုတ် အဆိုပြုထားသော ရောင်းဝယ်လွှဲပြောင်းခြင်းများ၏ အဓိကအချက်များ အကျဉ်းဖော်ပြချက်။

[၄] အကြိမ်ကြိမ်ပြုလုပ်ပါက "ဟုတ်သည်"၊ တစ်ကြိမ်တည်းသာဆိုပါက "မဟုတ်ပါ" ဟုဖြည့်သွင်းပါ။

[၅] ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ကုမ္ပဏီထံသို့ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ရောင်းဝယ်လွှဲပြောင်းမှုအား ထုတ်ဖော်ကြေညာသည့် နေ့စွဲ။

[၆] စည်းမျဉ်းစည်းကမ်းများအား အဓိကပြင်ဆင်ချက်များ အပါအဝင် ချမှတ်သည့် ဆုံးဖြတ်ချက် အကျဉ်းဖော်ပြချက်။ တက်ရောက်သော ဒါရိုက်တာများ၏ အမည်များ၊ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းမှုကို ခွင့်ပြုပေးသည့်/ ကြားနေမဲပေးသည့်/ ကန့်ကွက်မဲပေးသည့် ဒါရိုက်တာများ၏ အမည်များ ပါဝင်ရမည်။

နောက်ဆက်တွဲ (၂)

သို့/

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SEC M)
၂၁-၂၅၊ တတိယထပ်၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (စာပို့ သင်္ကေတ - ၁၁၁၄၁)

အကြောင်းအရာ။ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းအား ထုတ်ဖော်ကြေညာခြင်း

အစီရင်ခံသည့်ကုမ္ပဏီ.................................ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း အမည်.....................
ရောင်းဝယ်လွှဲပြောင်းခြင်းအား ခွင့်ပြုသည့် နေ့စွဲ.....................
ဘဏ္ဍာရေး/ဘဏ္ဍာရေးမဟုတ်သည့် အကျိုးစီးပွားအပါအဝင် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပတ်သက်မှု.....................

| ရောင်းဝယ်လွှဲပြောင်းမှု၏ အမျိုးအစား/သဘောသဘာဝ [၁] | စည်းမျဉ်းစည်းကမ်းများ | ရောင်းဝယ်လွှဲပြောင်းရသည့် အကြောင်းရင်းလင်းချက် | အစီရင်ခံသည့် ကုမ္ပဏီ၏ စုစုပေါင်း ပိုင်ဆိုင်မှု တန်ဖိုးပမာဏ | စာချုပ်ပါ ပမာဏ/ဈေးနှုန်း | စုစုပေါင်း ပိုင်ဆိုင်မှု ပမာဏအပေါ် မူတည်၍ စာချုပ်၏ ရာခိုင်နှုန်း | အခွင့်အာဏာ အပ်နှင်းခံရသူ [၂] |
|---|---|---|---|---|---|---|
| | | | | | | |

အခွင့်အာဏာအပ်နှင်းခံရသူ ၏ လက်မှတ်-____________________

နေ့စွဲ -__________

[၁] ဤအချက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းသည် ပြန်လည်ဖြစ်ပေါ်သည်၊ မဖြစ်ပေါ်သည်ကို ဖော်ပြရမည်။

[၂] ဤအချက်တွင် တက်ရောက်သော ဒါရိုက်တာများ၏ အမည်များ၊ ဆက်နွယ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအကြား ပမာဏများပြားသော ရောင်းဝယ်လွှဲပြောင်းခြင်းကို ခွင့်ပြုပေးသည့် ဒါရိုက်တာများ၏ အမည်များနှင့် သက်ဆိုင်ရာ ရရှိသည့် ဆန္ဒမဲရာခိုင်နှုန်းတို့ ပါဝင်ရမည်။